ရခိုင်အမျိုးသမီးများအစည်းအရုံး
**Rakhaing Women Union (H.Q)**
2/21, Pallabi, Mirpur, Dhaka-1216, Bangladesh
Tel & Fax - 880-2-9013435, E-mail: rwu2002@aitlbd.net

Ref :                                                                                     Date : ..............................

## နအဖ ဥက္ကဌ၏အမျိုးသမီးတဦးအား ရခိုင်အမျိုးသမီးလူဝင်စားဟု ဝါဒဖြန့် လိမ်လည်မှုအပေါ် ရှုတ်ချခြင်း

ရခိုင်ပြည်ကို နိုင်ထက်စီးနင်းအုပ်ချုပ်မင်းမူလိုနီသော ဗမာစစ်အုပ်စုသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ကျော်က အနိုင်ကျင့်ရယူခဲ့သော ရခိုင်ပြည်ကို ထာဝစဉ်လက်ဝယ်ထားဟိရန် ဇာတ်ကွက်သစ်တခုကို ထပ်မံဖန်တီးလိုက်ပေသည်။

နအဖ ဥက္ကဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လွန်ခဲ့သောသကြင်္ကန်ရက်ဖြစ်သည့် ခရစ်သက္ကရာဇ် ၂၀၀၅ ဧပြီ ၁၃–၁၄ အတွင်း ၎င်း၏မိသားစုဝင်များနှင့် ရခိုင်ပြည်သို့လာရောက်ကာ ရခိုင်ရိုးရာသင်္ကြန်ပွဲကိုဆင်နွှဲခဲ့ကြောင်းသိရပေသည်။ ထို့အပြင် ၎င်းရှိ့မိသားစုသည် ဝန်ကြီးအဖွဲ့ဝင်များနှင့်အတူ ရခိုင်ပြည်မြောက်ဦးသို့လားရောက်ကာ ရှိုဟောင်းဇာတီတော်တဆူအား ၎င်း၏သမီးတော်က ထီးတော်တင်ခဲ့ကြောင်း သိရပေသည်။

ဤသို့ပြုလုပ်သည်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏သမီးသည် ရခိုင်ဘုရင်တပါး၏ သမီးတော်ဖြစ်ခဲ့ဖူးပြီး ယခုဘဝတွင် လူဝင်စားအဖြစ်ဖြင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒေါ်ကြိုင်ကြိုင်ရို့၏သမီးဖြစ်လာပြီး ယခင်ဘဝက သူမ၏ကုသိုလ်တော်ကို လာရောက်ထီးတော်တင်ခြင်းဖြစ်ကြောင်း နေရိဋ္ဌရာသတင်းဌာန၏ ဖော်ပြချက်အရရင်း၊ ရခိုင်ပြည်သူများ ပီးပို့သောသတင်းအရရင်းသိရပေသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်မိသားစု ရခိုင်ပြည်သို့လာရောက်လည်ပတ်စဉ် ရခိုင်ပြည်အာဏာပိုင်များမှ ကော်ဇောနီခင်း၍ ကြိုဆိုကတ်ကြောင်းလည်းသိရပေသည်။ ၎င်းခရီးစဉ်သည် ၁၉၆၂ ခုနှစ်မှသည် ၂၀၀၅ ခုနှစ်အထိ စစ်အာဏာသျှင်အဆက်ဆက်လာရောက်လည်ပတ်သောခရီးစဉ်များထဲတွင် အထူးခြားဆုံးခရီးစဉ်ဖြစ်နိုင်ပြီး ရခိုင်ပြည်ကို ကိုလိုနီအဖြစ်ဆက်လက်ထားဟိရေးအတွက် ဗေဒင်ဥဏ်သုံးလျှက် နည်းသစ်ထွင် ကြိုးပမ်းခြင်းဖြစ်သည်ဟု မိမိရို့ ရခိုင်အမျိုးသမီးများအစည်းအရုံးမှ သုံးသပ်ပေသည်။

မတရားမှုကြီးများစွာ လုပ်ကိုင်နိုကတ်သော နအဖစစ်ဗိုလ်ချုပ်များအသက်ရှည်ရေး၊ အာဏာတည်မြဲရေးအတွက် နှစ်ရာချီကြာမြင့်လှသည့်အချိန်ကပင် နတ်ရွာစံတော်မူရှာလီသော ရာဇဝင်ထဲမှ ရခိုင်မင်းသမီး၏ဘဝကို အသုံးချခြင်းသည် ရခိုင်ပြည်သူများကို သိသိသာသာစော်ကားရာရောက်ကြောင်းအတိအလင်းထုတ်ဖေါ်လိုပေသည်။

ထို့အပြင် လူကိုသာမက စေတီဘုရား၊ ဆင်းထုတော်များကိုပါ အသုံးချ ယတ္တရာလုပ်ခြင်းတို့သည် ရခိုင်လူထုကိုသာ မက ရခိုင်တို့အမြတ်တနိုးကိုးကွယ်သော သာသနာကိုပါ ထိရောက်စွာစော်ကားခြင်းဖြစ်သည်ဟု ရခိုင်အမျိုးသမီးများ အစည်းအရုံးမှခံယူပေသည်။

ခြုံ၍ဆိုရပါမူ နှစ်ပေါင်းရာချီ၍ အမှောင်ချထားခြင်းခံနေကြရသည့်ကြားမှ မိမိတို့အချုပ်အခြာအာဏာပြန်လည်ရရှိရေးအတွက် လက်မလျော့တမ်းကြိုးစားနေကြသော အမိမဲ့ရခိုင်ပြည်သူများအား ဉာဏ်လိမ်ဉာဏ်နက်သုံး၍ လှည့်ကွက်ဆင်ခြင်းပင်ဖြစ်ပေသည်။ တနည်းအားဖြင့်ဆိုရပါမူ ဤအချိန်ကာလသည် တိုင်းရင်းသားများအားလုံး မိမိတို့ကံကြမ္မာကိုမိမိတို့ပိုင်ဆိုင်ခွင့်ရရှိရေးအတွက် တသံတည်းထွက်၍တောင်းဆိုနေကြသည့်အချိန်ကာလဖြစ်ရာ ***ရခိုင်ပြည်ကို ရခိုင်မင်းသမီးကပင်လျှင် အုပ်ချုပ်လျှက်ရှိနေပြီးဖြစ်ကြောင်း*** ဖေါ်ညွှန်းပြလိုသည့်ရည်ရွယ်ချက်ဖြင့် ကြံစည်လုပ်ဆောင်ခြင်းဖြစ်သည်ဟုလည်း ရခိုင်အမျိုးသမီးများအစည်းအရုံးမှ လုံးဝခံယူပေ သည်။

တဆက်တည်းတွင် အသရေမဲ့စွာ ဉာဏ်ကွက်ဆင်လိမ်လည်သော နအဖ ဥက္ကဌ၏အသရေမဲ့လုပ်ရပ်အပေါ် ရခိုင်အမျိုးသမီးများအစည်းအရုံးက ပြင်းထန်စွာရှုတ်ချလိုက်ပေသည်။

သို့ဖြစ်၍ ဤသို့နောက်ထပ်ပြုမူလာပါက ရေငုံနှုတ်ပိတ်မနေဘဲ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ၊ ပညာဉာဏ်များကိုသုံး၍ဖြစ်စေ အားလုံး ညီညွတ်စွာ ဆန့်ကျင်ကြပါရန် ရခိုင်ပြည်သူများသို့ပန်ကြားအပ်ပေသည်။


ဗဟိုပြန်ကြားရေးဌာန
ရခိုင်မျိုးသမီးများအစည်းအရုံး
ရခိုင်ပြည် –
Phone - 880 -2-9013435, 880 -189426153